## သင်၏ လုပ်ငန်းခွင်ကို COVID-19 ရောဂါကာကွယ်ရန်အတွက် အဆင်သင့်ဖြစ်နေစေရန် မည်သို့လုပ်ဆောင်ကြမည်နည်း။

**၂၀၂၀ပြည့်နှစ်၊ မေလ**

အောက်တွင် ဖော်ပြထားသော နည်းလမ်းများသည် သင့်လုပ်ငန်းခွင် တွင် အအေးမိခြင်း၊ တုပ်ကွေးရောဂါစသည့် ရောဂါများ ကူးစက်ပျံ့နှံ့မှုကို တားဆီးပြီး ဝန်ထမ်းများအား ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါမည်။

အလုပ်ရှင်များသည် မိမိတို့လုပ်ငန်းခွင်နေရာများသို့ ကိုဗစ်-၁၉ ရောဂါမရောက်ရှိသေးသည့်တိုင် အောက်ပါအချက်များကို ချက်ချင်း စတင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

- သင့်လုပ်ငန်းခွင်ဝန်းကျင်ကို သန့်ရှင်းစွာနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ ထားရှိရပါမည်။
  - ဝန်ထမ်းများ ထိတွေ့မှုများသော မျက်နှာပြင်များ (ဥပမာ- စာရေးစားပွဲ၊ စားပွဲခုံမျက်နှာပြင်များ )၊ အရာဝတ္ထုများ (ဥပမာ- တယ်လီဖုံး၊ ကွန်ပျူတာကီးဘုတ်) ညစ်ညမ်းနေခြင်းသည် ကိုဗစ်ရောဂါ ကူးစက်စေသည့် အဓိကနည်းလမ်းတစ်ခုဖြစ်သောကြောင့် ပိုးသတ်ဆေးဖြင့် ပုံမှန်သန့်ရှင်းရေး ပြုလုပ်ပေးပါ။
- လက်ဆေးခြင်းသည် သင့်လက်ပေါ်ရှိ ဗိုင်းရပ်စ်ပိုးကို သေဆုံးစေနိုင်ပြီး ကိုဗစ်ရောဂါကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်သောကြောင့် ဝန်ထမ်းများအား စနစ်တကျ လက်ဆေးစေရန် နည်းလမ်းများကို မြှင့်တင်ပါ။
  - လက်သန့်စင်ဆေးရည်ကို လုပ်ငန်းခွင်ရှိ မြင်သာသော နေရာများတွင် ထားရှိပြီး ပြတ်လပ်မှု မရှိစေရန် ပုံမှန်ဖြည့်တင်းပေးပါ။
  - စနစ်တကျ လက်ဆေးနည်း ပိုစတာများကို ကပ်ထားပေးပါ။
  - အခြားဆက်သွယ်ရေးနည်းလမ်းများ ဥပမာ- လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးအရာရှိများထံမှ လမ်းညွှန်မှု ခံယူခြင်း၊ အစည်းအဝေးများတွင် ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းတွင်း ဆက်သွယ်မှုများ မှတဆင့် အသိပညာပေးခြင်းတို့ဖြင့် လက်ဆေးခြင်းကို မြှင့်တင်သင့်ပါသည်။ ဝန်ထမ်းများ၊ အားလုံးသည် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ဆေးနိုင်မည့် နေရာများ လက်လှမ်းမီနေစေရပါမည်။

- နှာချေ၊ ချောင်းဆိုး သည့်အခါတိုင်း လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာခြင်းသည်ကိုဗစ်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်သောကြောင့် လုပ်ငန်းခွင်အတွင်း လိုက်နာနိုင်စေရန် အားပေးပါ။
  - ကျန်းမာရေးနှင့်ညီညွတ်စွာ ချောင်းဆိုးခြင်းအမူအကျင့် ပိုစတာများ ကပ်ထားပေးပါ။ (သို့မဟုတ်) အခြား ဆက်သွယ်ရေး နည်းလမ်းများ ဥပမာ- လုပ်ငန်းခွင်နှင့်ကျန်းမာရေးအရာရှိများထံမှ လမ်းညွှန်မှု ခံယူခြင်း၊ အစည်းအဝေးများတွင် ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းတွင်း ဆက်သွယ်မှုများမှတဆင့် အသိပညာပေးခြင်းတို့ကိုလည်းဆောင်ရွက်သင့်ပါသည်။
  - လုပ်ငန်းခွင်အတွင်း နှာခေါင်းစည်းများ၊ နှာရည်ယိုခြင်း(သို့) ချောင်းဆိုးခြင်းစသည့် လက္ခဏာများ ခံစားရသူများအတွက် အသုံးပြုနိုင်ရန် လုံလောက်သည့် တစ်ခါသုံး စက္ကူတစ်ရှူးများနှင့် ၎င်းတို့ကို စွန့်ပစ်နိုင်ရန် အဖုံးပိတ်ပါသည့် အမှိုက်ပုံးများ ရှိနေစေရပါမည်။
- ဝန်ထမ်းများ လုပ်ငန်းနှင့် ပတ်သက်သည့် ခရီးသွားရန် လိုအပ်ပါက ခရီးမသွားလာမီ သက်ဆိုင်ရာဒေသမှ ခရီးသွားမှုနှင့် ပတ်သက်သည့် အကြံပေးချက်များကို ရယူရန် အကြံပြုရပါမည်။
- သင့်ဝန်းကျင်တွင် ကိုဗစ်-၁၉ရောဂါ စတင်ကူးစက်ပျံ့နှံ့ လာပါက မည်သူမဆို သာမာန် ချောင်းဆိုးခြင်း၊ ကိုယ်အပူချိန်တက်ခြင်း (၃၇.၇ ဒီဂရီ စင်တီဂရိတ်နှင့် အထက်) ရှိလျှင် အိမ်တွင်သာ နေထိုင်သင့်ကြောင်းဝန်ထမ်းများအား ရှင်းလင်းပြောကြား ထားသင့်ပါသည်။ ပါရာစီတမော၊ အိုင်ဗျူပရိုဖင်၊ အက်စပရင်စသည့် ဆေးဝါးများ သည် ကိုဗစ်-၁၉ ရောဂါလက္ခဏာ များကိုဖုံးကွယ်နေစေသောကြောင့် အဆိုပါဆေးများကို သုံးစွဲရလျှင် မိမိအိမ်တွင်နေထိုင်ခြင်း (သို့) နေအိမ်မှ အလုပ်လုပ်စေသင့်ပါသည်။
  - အဆိုပါ သတင်းအချက်အလက်များပါသော ပညာပေးပိုစတာများကို သင့်အလုပ်နေရာတွင် ချိတ်ဆွဲထားရှိသင့်ပြီး အလုပ်တွင်အသုံးပြုလေ့ရှိသော အခြားဆက်သွယ်သည့် နည်းလမ်းများမှ တဆင့်လည်း ဆောင်ရွက်သင့်ပါသည်။

- သင့်အလုပ်သမားများအား ထိုကဲ့သို့ အိမ်တွင်နေရသည့် အချိန်များကို နာမကျန်းခွင့်အနေဖြင့် သတ်မှတ်မည် ဖြစ်ကြောင်း သေချာစွာ သိရှိနေစေရပါမည်။

၂။ အစည်းအဝေးများ ပြုလုပ်ရသည့် အခါများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်မှုမှ လျော့ချရန် မည်သို့ စီမံဆောင်ရွက်ရမည်နည်း။ အလုပ်ရှင်နှင့် အစည်းအဝေးစီစဉ်သူများ အနေဖြင့် အဘယ်ကြောင့် ကိုဗစ်-၁၉ ရောဂါ အကြောင်း ထည့်သွင်း စဉ်းစား သင့်သလဲ။

အစည်းအဝေးစီစဉ်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်မှုကို ထည့်သွင်းစဉ်းစားရခြင်းမှာ -

- သင့်အစည်းအဝေးသို့ တက်ရောက်လာသူများအားလုံးသည် မထင်မှတ်ဘဲ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကို အစည်းအဝေးသို့ သယ်ဆောင်ယူလာနိုင်ပြီး အခြားသူများထံသို့ မသိလိုက်ဘဲ ရောဂါပိုးကို ထိတွေ့စေနိုင်သောကြောင့် ဖြစ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါသည် လူအများစုတွင် ရောဂါလက္ခဏာပြင်းထန်မှုမရှိဘဲ အနည်းစုသာ ရောဂါ ပြင်းထန် စေတတ်ပါသည်။ ရောဂါပိုးကူးစက်ခံရသူများ၏ ၅ ဦးတွင် ၁ ဦးခန့်သာ ဆေးရုံတက်ကုသမှု ခံယူရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်ခြေကို ကာကွယ်ရန်/ လျော့ချရန် ထည့်သွင်း စဉ်းစားရမည့် အချက်များ-

အစည်းအဝေးမပြုလုပ်မီ-

- သင် အစည်းအဝေးပြုလုပ်မည့် နေရာဒေသ၏ အာဏာပိုင်များ၏ အကြံပြုချက်များကို လေ့လာ၍ အကြံပြုသည့် အတိုင်းလိုက်နာဆောင်ရွက်ပါ။
- သင့်အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်မည့် အစီအစဉ်များ ရေးဆွဲထားရှိပါ။
  - မျက်နှာချင်းဆိုင်အစည်းအဝေးများ ပြုလုပ်ရန် လိုမလိုစဉ်းစားပါ။ အင်တာနက်မှ တဆင့် ပြုလုပ်၍ ရသော တယ်လီကွန်ဖရင့်စ် များသို့ ပြောင်းလဲ ပြုလုပ်ပါ။
  - အစည်းအဝေးများကို တက်ရောက်သူ အရေအတွက် တတ်နိုင်သလောက် လျော့ချပါ။

- အဓိကကျသော ပြည်သူ့ကျန်းမာရေးအရာရှိ (သို့) သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများနှင့် ဆက်သွယ်ပြီး သတင်းအချက်အလက်များဆန်းစစ်ပါ၊ ဆက်သွယ်ရေးလမ်းကြောင်းများ ကြိုတင်ပြင်ဆင်ထားရှိပါ။
- အစည်းအဝေးတက်ရောက်သည့် သူများအားလုံးအတွက် လုံလောက်သော လက်သန့်စင်ဆေးရည်များ၊ တစ်ရှူးစက္ကူများအပါအဝင် လိုအပ်သော ပစ္စည်းများကို ကြိုတင်မှာယူပြင်ဆင်ထားပါ။ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာရှိသောသူတိုင်းအတွက် အသုံးပြုနိုင်မည့် တစ်ခါသုံး နှာခေါင်းစည်းများ အဆင်သင့်ရှိနေစေရန် ပြင်ဆင်ထားပါ။
- လက်ရှိကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် အခြေအနေများကို စောင့်ကြည့်၍ အစည်းအဝေး တက်ရောက်မည့် သူများအား ရောဂါလက္ခဏာတစ်ခုခုရှိလျှင် (သို့) နေမကောင်းလျှင် အစည်းအဝေး မတက်သင့်ကြောင်း ကြိုတင် အကြောင်းကြားပါ။
- အစည်းအဝေး စီစဉ်သူ၊ တက်ရောက်သူ၊ အကျွေးအမွေးတာဝန်ယူရသူများ၊ ဧည့်သည်များထံမှ ဆက်သွယ်ရမည့် ဖုံးနံပါတ်၊ အီးမေးလ်လိပ်စာ၊ နေရပ်လိပ်စာ၊ ၎င်းတို့ တည်းခိုရာနေရာများကို တောင်းယူထားပါ။ အကယ်၍ တစ်ဦးဦးတွင် ရောဂါသံသယတွေ့ရှိရပါက ၎င်းတို့၏ အချက်အလက်များကို သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ပေးပို့မည်ဖြစ်ကြောင်းရှင်းလင်းစွာ သိရှိစေရပါမည်။ အကယ်၍ အဆိုပါအချက်ကို သဘောမတူပါက အစည်းအဝေးသို့ တက်ရောက်ခွင့်မပြု သင့်ပါ။

- အစည်းအဝေးတက်ရောက်နေသူ တစ်ဦးဦး (ချောင်းခြောက်ဆိုးခြင်း၊ ဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းစသည့်) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ် ရေးဆွဲထားရှိရပါမည်။ **အဆိုပါအစီအစဉ်တွင် အနည်းဆုံးပါဝင်သင့်သည့် အချက်များမှာ-**
  - တစ်စုံတစ်ဦး နေမကောင်းဖြစ်လျှင် (သို့) လက္ခဏာများပေါ်ပေါက်လျှင် သီးခြားခွဲထားနိုင်မည့် အခန်း (သို့) နေရာ သတ်မှတ်ထားရှိပါ။

- အဆိုပါနေရာမှ ကျန်းမာရေးဌာနသို့ လုံခြုံစိတ်ချစွာ လွဲပြောင်းပေးနိုင်မည့် အစီအစဉ် ရေးဆွဲထားပါ။
- အစည်းအဝေးတက်ရောက်သူ (သို့) ဝန်ထမ်း (သို့) အလုပ်သမား တစ်ဦးဦးသည် အစည်းအဝေးအတွင်း (သို့) အစည်းအဝေးပြီးပြီးချင်း ကိုဗစ်ရောဂါပိုး စစ်ဆေးတွေ့ရှိပါက မည်သို့ လုပ်ဆောင်ရမည်ကို သိရှိနေရပါမည်။
- သင့်၏ ကျန်းမာရေးစောင့်ရှောက်သူ (သို့) ကျန်းမာရေးဌာနနှင့် အစီအစဉ်ကို ကြိုတင်ညှိနှိုင်းထားပါ။

အစည်းအဝေး ပြုလုပ်နေစဉ် ကာလအတွင်း

- အစည်းအဝေးစီစဉ်သူမှ တက်ရောက်သူများ လုံခြုံမှုရှိစေရန် စီစဉ်ဆောင်ရွက် ထားရှိမှုကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့် ဖြစ်စေ ရှင်းလင်းအသိပေးထားရပါမည်။
  - ယုံကြည်မှု တည်ဆောက်ခြင်း။ ဥပမာ– ထိတွေ့ခြင်းမရှိဘဲ နှုတ်ဆက်ခြင်းနည်းလမ်းများကို ထည့်သွင်းခြင်း၊
  - အစည်းအဝေးတွင် တက်ရောက်သူများ အားလုံး ပုံမှန်လက်ဆေးခြင်း (သို့) အရက်ပျံသုံး လက်သန့်စင်ဆေးရေ အသုံးပြုခြင်းကို အားပေးရန်
  - တက်ရောက်သူများအား နှာချေ၊ ချောင်းဆိုးလျှင် တံတောင်ကွေး (သို့) တစ်ရှူးစက္ကူကို အသုံးပြုရန် တိုက်တွန်းခြင်း၊ သုံးစွဲပြီး တစ်ရှူးစက္ကူများစွန့်ပစ်ရန် ပုံးများ ထားရှိပေးရန်။
  - အစည်းအဝေးတက်ရောက်သူများမှ ဆက်သွယ် သတင်းပေးနိုင်မည့် လိပ်စာများ၊ အရေးပေါ် ဖုံးနံပတ်များကို ထားရှိပေးရန်
- အခန်းပတ်ဝန်းကျင်တွင် အရက်ပြန်သုံး လက်သန့်စင်ဆေးရည်များကို မြင်သာစွာ ထားရှိရပါမည်။
- နေရာ လုံလောက်စွာရှိပါက အစည်းအဝေးတက်ရောက်သူများ နားနေရန်ခုံနေရာများကို တစ်မီတာ အကွာအဝေး ရှိစေရန်စီစဉ်ထားရှိရပါမည်။

- အခန်းအတွင်း လေဝင်လေထွက် ကောင်းမွန်စေရန် ပြတင်းတံခါးများ၊ တံခါးမကြီးများကို ဖွင့်ထားရပါမည်။
- တစ်စုံတစ်ဦး နေထိုင်မကောင်းခံစားရပါက ကြိုတင်စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်ရန် (သို့) အရေးပေါ်ဌာနသို့ ဆက်သွယ်ဆောင်ရွက် ရပါမည်။
  - မိမိဒေသ၏ အခြေအနေ၊ မကြာမီက ခရီးသွားလာမှု ရာဇဝင်တို့ အပေါ်မူတည်၍ အဆိုပါသူအား သီးသန့်ခန်းတွင် ထားရှိရပါမည်။ နှာခေါင်းစီး အသုံးပြုစေပြီး အခြေအနေပါတည်၍ နေအိမ်သို့ ပြန်ရန် (သို့) စစ်ဆေးပေးနိုင်သည့် ကျန်းမာရေးသို့ လုံခြုံစွာ သွားရောက်စေရပါမည်။
- တက်ရောက်သူများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြု ကျေးဇူးတင်ရပါမည်။

အစည်းအဝေး ပြုလုပ်ပြီးစီးသောအခါ

**၁–** အစည်းအဝေးတက်ရောက်သူအားလုံး၏ ဆက်သွယ်ရမည့် လိပ်စာများအား အနည်းဆုံး တစ်လ သိမ်းဆည်းထားရှိရပါမည်။ ထိုနည်းအားဖြင့် အစည်းအဝေး တက်ရောက်သူ တစ်ဦးဦး အစည်းအဝေးပြီးစတွင် နေမကောင်းဖြစ်ပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ ကိုဗစ်ရောဂါပိုး ထိတွေ့မှု ရှိသူများလိုက်လံ ရှာဖွေရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

**၂.** အကယ်၍ အစည်းအဝေး တက်ရောက်သူတစ်ဦးဦး ကိုဗစ်သံသယဖြင့် စောင့်ကြည့်ခွဲထားခံရပါက အစည်းအဝေးစီစဉ်သူသည် တက်ရောက်သူများအားလုံး သိရှိစေရန် ဆောင်ရွက်ရပါမည်။၎င်းတို့အား မိမိဘာသာ ရောဂါလက္ခဏာ ပေါ်မပေါ် ၁၄ ရက် စောင့်ကြည့်ရန် နှင့် တစ်နေ့ ကိုယ်အပူချိန် နှစ်ကြိမ်တိုင်းရန် အကြံပေးရပါမည်။

**၃.** အကယ်၍ ၎င်းတို့ တွင် ချောင်းဆိုးခြင်း (သို့) ကိုယ်ပူချိန်တက်ခြင်း (အပူချိန် ၃၇.၃ ဒီဂရီစင်တီဂရိတ် နှင့် အထက်) ခံစားရပါက နေအိမ်တွင် တစ်ဦးတည်းသီးသန့် ခွဲနေရပါမည်။ ( ဆိုလိုသည်မှာ – မိသားစုများ အပါအဝင် အခြားသူများနှင့် အနီးကပ် (၁ မီတာအတွင်း) ထိတွေ့ ခြင်းမှ ရှောင်ကြဉ်ရန် ဖြစ်ပါသည်။ ) ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်သူများ

(သို့) သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့  တယ်လီဖုံးဆက်သွယ်၍ ၎င်းတို့၏ ခရီးသွားရာဇဝင်နှင့် ရောဂါလက္ခဏာများကို အကြောင်းကြားသင့်ပါသည်။

**၄.** အစည်းအဝေး တက်ရောက်ခဲ့သူများအားလုံး ၏ ပူးပေါင်းဆောင်ရွက်မှု ကို အသိအမှတ်ပြု ကျေးဇူးတင်ရပါမည်။

သင်နှင့် သင့်ဝန်ထမ်းများ တာဝန်ဖြင့်ခရီးသွားလာစဉ် ထည့်သွင်းစဉ်းစားရမည့် အချက်များ

**ခရီးမသွားမီ**

- မိမိအပါအဝင် မိမိအဖွဲ့အစည်းနှင့် ဝန်ထမ်း များအားလုံး ကိုဗစ်-၁၉ ကူးစက်ပျံ့နှံနေသည့် နေရာများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းအချက်အလက်များကို သိရှိနေစေရပါမည်။
- နောက်ဆုံးသတင်းအချက်အလက်ပေါ်မူတည်၍ အဖွဲ့အစည်းမှ စီစဉ်ထားသော ခရီးသွားလာမှု၏ အကျိုးနှင့် အပြစ်ကို ဆန်းစစ်သင့်ပါသည်။
- ကျန်းမာရေးဆိုးရွားစွာ ထိခိုက်ခံစားရနိုင်သော အလုပ်သမား/ဝန်ထမ်းများ (ဥပမာ- အသက်ကြီးရင့်သူများ၊ သွေးတိုး၊ဆီးချို၊ နှလုံးနှင့် အဆုတ်ရောဂါဝေဒနာ ခံစားနေရသူများ) အား မစေလွှတ်သင့်ပါ။
- ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသော နေရာများသို့ ခရီးသွားမည့် သူများအားလုံး ကျန်းမားရေးဌာန၊ ကျန်းမာရေးဝန်ထမ်း (သို့) သက်ဆိုင်ရာပြည်သူ့ကျန်းမာရေး ဌာနများမှ အရေးကြီးသတင်းအချက်အလက်များ အတိုချုပ်စုဆောင်း၍ လေ့လာသင့်ပါသည်။
- ခရီးသွားလာရမည့် အလုပ်သမား/ဝန်ထမ်းများ သယ်ဆောင်သွားနိုင်ရန် နှာခေါင်းစည်းများ၊ (၁၀၀ မီလီလီတာ အောက်ဝင် အရက်ပြန်သုံးလက်သန့်စင်ဆေးရည်ပုလင်း )များ ထောက်ပံ့ပေးပေးသင့်ပါသည်။

**ခရီးသွားလာနေစဉ်အတွင်း**

- အလုပ်သမား/ဝန်ထမ်းများအား ၎င်းတို့၏ လက်ကို ပုံမှန်ဆေးရန် နှင့် ချောင်းဆိုး၊ နှာချေသောသူများနှင့် အနည်းဆုံး နှစ်မီတာ ခန့်အဝေးတွင် နေထိုင်ရန် အားပေးရပါမည်။
- အလုပ်သမား/ဝန်ထမ်းများအား ခရီးသွားနေစဉ်အတွင်း နေမကောင်းဖြစ်လာပါက မည်သည်တို့ကို ဆောင်ရွက်ရမည်နှင့် မည်သူ့ကို ဆက်သွယ်ဆောင်ရွက်ရမည်ကို သိရှိနေစေရန် ဆောင်ရွက်ရပါမည်။
- သင်၏ အလုပ်သမား/ဝန်ထမ်းများသည် သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များကို လိုက်နာစေရပါမည်။ ဥပမာ– တားမြစ်ထားသော နေရာများသို့ သွားလာခြင်း မပြုရန်၊ သင်၏ အလုပ်သမား/ ဝန်ထမ်းများသည် ဒေသတွင်းကန့်သတ်ထားသော သွားလာစရာနေရာများ၊ လှုပ်ရှားမှုများ ၊ လူစုလူဝေးများကို လိုက်နာရမည်။

- သင် (သို့) သင့် အလုပ်သမား/ ဝန်ထမ်းများ ခရီးသွားလာရာမှ ပြန်ရောက်လာသော အခါ–
  - ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ရှိနေသော နေရာများမှ ပြန်လာသော အလုပ်သမား/ ဝန်ထမ်းများအနေဖြင့် ပြန်ရောက်လျှင် မိမိဘာသာ ရောဂါလက္ခဏာ ပေါ်မပေါ် ၂၁ ရက်စောင့်ကြည့်ရန်နှင့် တစ်နေ့ ကိုယ်အပူချိန် နှစ်ကြိမ်တိုင်း ရပါမည်။ (သို့မဟုတ်) သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများမှ ထုတ်ပြန် ထားသော အမိန့်ညွှန်ကြားချက်များကို လိုက်နာစေရပါမည်။
  - အကယ်၍ ၎င်းတို့ တွင် ချောင်းဆိုးခြင်း (သို့) ကိုယ်ပူချိန်တက်ခြင်း (အပူချိန် ၃၇.၃ ဒီဂရီ စင်တီဂရိတ် နှင့် အထက်) ခံစားရပါက နေအိမ်တွင် သီးသန့် ခွဲနေရပါမည်။ ( ဆိုလိုသည်မှာ မိသားစုများအပါအဝင် အခြားသူများနှင့် အနီးကပ် (၂ မီတာအတွင်း) ထိတွေ့ ခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်ပါသည်။ ) ကျန်းမာရေးစောင့်ရှောက်သူများ (သို့) သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ တယ်လီဖုံးဆက်သွယ်၍ ၎င်းတို့၏ ခရီးသွားရာဇဝင်နှင့် ရောဂါလက္ခဏာများကို အကြောင်းကြားသင့်ပါသည်။

၄။ သင့်ပတ်ဝန်းကျင် လူထုအတွင်း ကိုဗစ် -၁၉ ရောဂါရောက်ရှိလာပါက သင့်၏လုပ်ငန်းခွင် ဝန်းကျင်တွင် အသင့် ရှိနေစေရန်–

- အကယ်၍ သင့်အလုပ်မှ တစ်စုံတစ်ဦး ကိုဗစ်-၁၉ သံသယဖြစ်ပွားခဲ့လျှင် မည်သည်တို့ကို ပြုလုပ်ရမည်ကို အစီအစဉ် ကြိုတင်ရေးဆွဲထားပါ။
  - အစီအစဉ်တွင် နေမကောင်းသူအား လုပ်ငန်းခွင်အတွင်း အခြားသူများနှင့် သီးခြား ခွဲထားနိုင်သော အခန်း(သို့) နေရာတွင် ထားရှိနိုင်ရန်၊ နေမကောင်းသူနှင့် ထိတွေ့ရသူ အရေအတွက် တတ်နိုင်သမျှနည်းစေရန်နှင့် သက်ဆိုင်ရာ ဒေသကျန်းမာရေးတာဝန် ရှိသူများနှင့် ဆက်သွယ်ရန်တို့ ပါဝင်ရပါမည်။
  - ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ ခွဲခြားဆက်ဆံခြင်းမဖြစ်ပေါ်စေဘဲ ကူးစက်နိုင်ခြေများသူ များကို ရှာဖွေရန်နှင့် ကူညီမှုပေးနိုင်ရန် စဉ်းစားရပါမည်။ ထိုသူများမှာ ရောဂါဖြစ်ပွား နေသောဒေသများသို့ မကြာမီက ခရီးသွားလာခဲ့သူ (သို့) ကျန်းမာရေးဆိုးရွားစွာ ထိခိုက်ခံစားရနိုင်သော အလုပ်သမား/ဝန်ထမ်းများ (ဥပမာ– ဆီးချို၊ နှလုံးနှင့် အဆုတ် ရောဂါဝေဒနာ ခံစားနေရသူများ၊ အသက်ကြီးရင့်သူများ၊)
  - သင့်ဒေသအတွင်းရှိ ပြည်သူ့ကျန်းမာရေးတာဝန်ရှိသူများအား သင့်ရေးဆွဲနေသော အစီအစဉ်ကို ပြောကြား၍ ၎င်းတို့ထံမှ အကြံဉာဏ်များရယူရန်။

- သင့်အဖွဲ့အစည်းအတွင်း ပုံမှန်အင်တာနက်အသုံးပြုဆက်သွယ်မှုကို အားပေးပါ။ သင် နေထိုင်ရာဒေသတွင် ကိုဗစ် -၁၉ရောဂါ ကပ် ရောဂါ အသွင်ဖြစ်ပွားလာပါက ကျန်းမာ ရေးဆိုင်ရာ တာဝန်ရှိသူများမှ အများသုံးသယ်ယူပို့ဆောင်ရေးများနှင့် လူစုလူဝေးများကို ရှောင်ရှားရန် အကြံပြုပါလိမ့်မည်။ အင်တာနက်အသုံးပြုဆက်သွယ်မှုသည် သင့်ဝန်ထမ်း များ ဘေးကင်းစွာ နေထိုင်လျှက် သင့်အလုပ်ဆက်လက်လည်ပတ်နေစေရန် အထောက် အကူဖြစ်ပါလိမ့်မည်။

- သင့် အလုပ်ရှိရာ ဒေသတွင် ကိုဗစ်–၁၉ ကပ်ရောဂါ အသွင်ဖြစ်ပွားလာချိန်တွင် သင့် လုပ်ငန်းဆက်လက်လည်ပတ်နေစေရန် အရေးပေါ်အစီအစဉ်များရေးဆွဲထားပါ။
  - အဆိုပါ အစီအစဉ်သည် သင်လုပ်ငန်းခွင် (သို့) နေထိုင်ရာပြည်သူလူထုအတွင်းတွင် ကိုဗစ် –၁၉ရောဂါ ကပ်ရောဂါ အသွင်ဖြစ်ပွားလာလျှင် အကူအညီပေးပါမည်။ အခြားကျန်းမာရေးဆိုင်ရာ အရေးပေါ်ကိစ္စများတွင် လည်း အသုံးပြုနိုင်ပါသည်။
  - အဆိုပါအစီအစဉ်တွင် အသွားအလာကန့်သတ်မှု (သို့) နေထိုင်မကောင်းမှုကြောင့် သင့်လုပ်ငန်းခွင်သို့ အလုပ်သမားများ၊ စာချုပ်ချုပ်ဆိုသူ၊ ထောက်ပံ့သူ အများအပြား မလာရောက်နိုင်သော အခြေအနေမျိုးတွင် သင့်လုပ်ငန်းဆက်လက် လည်ပတ်နေစေရန် ဦးတည်စဉ်းစားသင့်ပါသည်။
  - အရေးပေါ်အစီအစဉ်နှင့် ပတ်သက်၍ သင့် အလုပ်သမား/ ဝန်ထမ်းများ၊ စာချုပ်ချုပ်ဆိုသူများအား ၎င်းတို့လုပ်ဆောင်ရမည့် အချက်များ၊ မလုပ်ဆောင်ရမည်များကို ရှင်းလင်းပြရပါမည်။ ၎င်းတို့ သာမာန်လက္ခဏာများဖြစ်ပွားချိန်တွင် အလုပ်မှဝေးနေရန် ၊ သာမာန်ဆေးဝါးများ (ဥပမာ– ပါရာစီတမော၊ အိုင်ဗျူပရိုဖင် )စသည့် ဆေးဝါးများသည် ရောဂါလက္ခဏာများကို ဖုံးကွယ်စေသည် စသည့်အရေးကြီးအချက်များကို အလေးအနက် ရှင်းလင်းပြရပါမည်
  - သင့် အရေးပေါ်အစီအစဉ်သည် ကိုဗစ်–၁၉ လူနာ၏ အလုပ်ဌာနအတွင်း (သို့) ပတ်ဝန်းကျင်တွင် စိတ်ဓါတ်ရေးရာ ၊ လူမှုရေးရာ နောက်ဆက်တွဲ ပြဿနာများကို ထည့်သွင်းစဉ်းစားပြီး သတင်းအချက်အလက်နှင့် ကူညီမှု ပေးနိုင်ရန် သေချာရပါမည်။
  - လုပ်သားများအတွက် ကျန်းမာရေးနှင့် လူမှုရေး အထောက်အပံ့စနစ် မပါဝင်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများ အတွက်လည်း သင့်ဒေသအတွင်းရှိ ကျန်းမာရေးနှင့် လူမှုရေးအကူအညီပေးသော သူများနှင့် လက်တွဲပြီး စီစဉ်ဆောင်ရွက်သင့်ပါသည်။
  - သင့်ဒေသအတွင်းနှင့် အမျိုးသားအဆင့် ကျန်းမာရေးတာဝန်ရှိသူများမှ သင်၏ အရေးပေါ်အစီအစဉ်ကို ကူညီလမ်းညွှန်နိုင်ပါသည်။

**သိရှိထားရမည်မှာ-**

- ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါအတွက် ကြိုတင်ပြင်ဆင်ရမည့် အချိန်ဖြစ်ပါသည်။ သာမာန်ရိုးရှင်းသော ကာကွယ်မှု၊ အစီအစဉ်များသည် ကြီးမားသော ကွဲပြားမှု ကိုဖြစ်စေနိုင်ပါသည်။ ယခုအချိန်တွင် စတင်ဆောင်ရွက်ခြင်းသည် သင်၏ အလုပ်သမား/ဝန်ထမ်းများနှင့် သင့်လုပ်ငန်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**မည်သို့ သတင်းသိရှိနေ နိုင်သနည်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ မှုနှင့် ပတ်သက်သည့် သတင်းများကို

- https://www.who.int/emergencies/diseases/novel-coronavirus-2019/situation-reports/ ရှာဖွေပါ။